ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့

# ကျေးရွာထင်းစိုက်ခင်းနည်းဥပဒေများ

၂၀၁၅ ခုနှစ်၊ မတ်လ ( ၁ ) ရက်

# ပဲခူးတိုင်းဒေသကြီး
# ကျေးရွာထင်းစိုက်ခင်းနည်းဥပဒေများ

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁။ | **အခန်း (၁)** အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက် | ... ၁ |
| ၂။ | **အခန်း (၂)** ကျေးရွာထင်းစိုက်ခင်းတည်ထောင်ခြင်း | ... ၂ |
| ၃။ | **အခန်း (၃)** ကော်မတီဖွဲ့စည်းခြင်းနှင့်ကော်မတီ၏ လုပ်ငန်းတာဝန်များ | ... ၄ |
| ၄။ | **အခန်း (၄)** မြို့နယ်သစ်တောအရာရှိ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ | ... ၆ |
| ၅။ | **အခန်း (၅)** စစ်ဆေးခြင်းနှင့် စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း | ... ၇ |
| ၆။ | **အခန်း (၆)** အထွေထွေ | ... ၈ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၇။ | **နောက်ဆက်တွဲ (က)**<br>ကျေးရွာထင်းစိုက်ခင်း တည်ထောင်ခွင့်ပြုရန်လျှောက်လွှာ | |
| ၈။ | **နောက်ဆက်တွဲ (ခ)**<br>ကျေးရွာထင်းစိုက်ခင်းအသုံးပြုသူများ အဖွဲ့ဝင်အဖြစ် လျှောက်လွှာ | |
| ၉။ | **နောက်ဆက်တွဲ (ဂ)**<br>ကျေးရွာထင်းစိုက်ခင်းအုပ်ချုပ်လုပ်ကိုင်မှုစီမံချက်တွင် ပါဝင်ရမည့်အကြောင်းအရာများ | |
| ၁၀။ | **နောက်ဆက်တွဲ (ဃ)**<br>ကျေးရွာထင်းစိုက်ခင်း လုပ်ငန်းတိုးတက်မှုအစီရင်ခံစာတွင် ပါဝင်ရမည့် အကြောင်းအရာများ | |

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့
# သစ်တောနှင့်သတ္တုဝန်ကြီးဌာန

အမိန့်ကြော်ငြာစာအမှတ်၊ ၁/၂၀၁၅

၁၃၇၆ ခုနှစ်၊ တပေါင်းလဆန်း ၁၂ ရက်
( ၂၀၁၅ ခုနှစ်၊ မတ်လ၊ ၁ ရက် )

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ သစ်တောနှင့်သတ္တုဝန်ကြီးဌာန၊ ဝန်ကြီးသည် ကျေးရွာထင်းစိုက်ခင်း ဥပဒေပုဒ်မ ၆၀၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ အောက်ပါ နည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

## အခန်း (၁)
## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤနည်းဥပဒေများကို ပဲခူးတိုင်းဒေသကြီး ကျေးရွာထင်းစိုက်ခင်း နည်းဥပဒေများဟု ခေါ်တွင်စေရမည်။

၂။ ဤနည်းဥပဒေများတွင် ပါရှိသောစကားရပ်များသည် ကျေးရွာထင်းစိုက်ခင်း ဥပဒေတွင် ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည့်အပြင် အောက်ပါ စကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည် -

(က) **ဥပဒေ**ဆိုသည်မှာ ပဲခူးတိုင်းဒေသကြီး ကျေးရွာထင်းစိုက်ခင်း ဥပဒေကို ဆိုလိုသည်၊

(ခ) **သစ်လုံး**ဆိုသည်မှာ ခါးလည်လုံးပတ် (၃) ပေနှင့်အထက်ရှိသော သစ်လုံးကို ဆိုသည်၊

(ဂ) **တိုင်**ဆိုသည်မှာခါးလည်လုံးပတ် (၃) ပေ ထက်ငယ်၍ (၁) ပေနှင့် အထက်ရှိသော သစ်လုံးကို ဆိုသည်၊

(ဃ) **မျောဆိုသည်မှာ** ခါးလည်လုံးပတ် (၁) ပေထက်ငယ်သော သစ်လုံးကို ဆိုသည်၊

(င) **အုပ်ချုပ်လုပ်ကိုင်မှုစီမံချက်**ဆိုသည်မှာ ကျေးရွာထင်းစိုက်ခင်း ဥပဒေအရ ကျေးရွာထင်းစိုက်ခင်း တည်ထောင်ရန် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များပါဝင်သည့် ကျေးရွာကော်မတီနှင့် သစ်တောဦးစီးဌာနတို့မှ ပူးပေါင်းရေးဆွဲ တင်ပြထားသည့် စီမံချက်ကို ဆိုသည်။

## အခန်း (၂)
## ကျေးရွာထင်းစိုက်ခင်းတည်ထောင်ခြင်း

၃။ ကျေးရွာထင်းစိုက်ခင်းတည်ထောင်ခြင်းနှင့် စပ်လျဉ်း၍ -

(က) ကျေးရွာကော်မတီသည် ကျေးရွာထင်းစိုက်ခင်း တည်ထောင်ရန် အသုံးပြုသူ အိမ်ထောင်စုဦးရေကိုအခြေခံလျက် လူဦးရေ အလိုက် စိုက်ပျိုးပြုစုထိန်းသိမ်းနိုင်မည့် မြေပမာဏကို မြို့နယ် ကော်မတီသို့ တင်ပြတောင်းခံရမည်၊

(ခ) မြို့နယ်ကော်မတီသည် ကျေးရွာကော်မတီမှ တင်ပြလာသော ကျေးရွာထင်းစိုက်ခင်းတည်ထောင်ရန် အသုံးပြုသူတစ်ဦးချင်း အလိုက် စိုက်ပျိုးပြုစုထိန်းသိမ်းနိုင်မည့် မြေပမာဏကိုစိစစ်၍ ညွှန်ကြားရေးမှူးထံ ဆက်လက်တင်ပြရမည်။

၄။ မြို့နယ်ကော်မတီသည် ကျေးရွာထင်းစိုက်ခင်း တည်ထောင်ခွင့်ပြုရန် နောက်ဆက်တွဲ (က) ပါ ပုံစံဖြင့် လျှောက်ထားချက်နှင့်စပ်လျဉ်း၍ ညွှန်ကြားရေးမှူး ထံသို့ စိစစ်ချက်နှင့် သဘောထားမှတ်ချက်ပေးနိုင်ရေးအတွက် ရက်သတ္တ နှစ်ပတ် အတွင်း ကွင်းဆင်းစစ်ဆေးပြီး ပြန်လည်တင်ပြရမည်။

၅။ ညွှန်ကြားရေးမှူးသည် ကျေးရွာတစ်ရွာအတွက် ကျေးရွာပိုင် ထင်းစိုက်ခင်း ထူထောင်ရန် -

(က) သစ်တောကြိုးဝိုင်းနယ်မြေတွင်ဖြစ်ပါက လျှောက်ထားသည့် ပမာဏအား သစ်တောဦးစီးဌာန၏ လုပ်ထုံးလုပ်နည်းနှင့်အညီ ခွင့်ပြုနိုင်သည်၊

(ခ) မြေလွတ်မြေရိုင်းဖြစ်ပါက မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေနှင့်အညီ သတ်မှတ်ခွင့်ပြုနိုင်သည်၊

(ဂ) အစိုးရ စီမံခန့်ခွဲပိုင်ခွင့်ရှိသော မြေတွင်ဖြစ်ပါက အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်ခွင့်ပြုနိုင်သည်။

၆။ မြို့နယ်ကော်မတီသည် ညွှန်ကြားရေးမှူးက သတ်မှတ်ခွင့်ပြုပြီးသော ကျေးရွာထင်းစိုက်ခင်းမြေပမာဏအပေါ် သင့်လျော်သလို အချိုးကျ ခွဲဝေပေးနိုင်ရန် ကျေးရွာကော်မတီအား တာဝန်ပေးအပ်နိုင်သည်။

၇။ ဝန်ကြီးသည် -

(က) ကျေးရွာထင်းစိုက်ခင်းတည်ထောင်ရန် လျှောက်ထားသည့် ဧရိယာပမာဏအား ကျေးရွာ၏ လူဦးရေ၊ မြေ အသုံးချမှု အခြေအနေအပေါ်မူတည်၍ အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်ခြင်း၊ ပြင်ဆင်ခြင်းပြုနိုင်သည်၊

(ခ) ညွှန်ကြားရေးမှူးက တင်ပြလာသော ကျေးရွာထင်းစိုက်ခင်း တည်ထောင်ရန် အသုံးပြုသူတစ်ဦးချင်းအလိုက် စိုက်ပျိုးပြုစု ထိန်းသိမ်းနိုင်မည့် မြေပမာဏကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်ခြင်း၊ ပြင်ဆင်ခြင်း ပြုနိုင်သည်။

၈။ အသုံးပြုသူများအဖွဲ့သည် ကျေးရွာထင်းစိုက်ခင်းတည်ထောင်ရာတွင် -

(က) ကျေးရွာထင်းစိုက်ခင်း တည်ထောင်စိုက်ပျိုးပြီး (၅) နှစ် သက်တမ်းရှိမှသာ ထင်းနှင့်သစ်တောထွက်ပစ္စည်းများ ထုတ်ယူသုံးစွဲရမည်၊

(ခ) ထင်းနှင့်သစ်တောထွက်ပစ္စည်းများ ထုတ်ယူသုံးစွဲခြင်းနှင့် ပတ်သက်၍ ညွှန်ကြားရေးမှူး၏ ခွင့်ပြုချက်ရယူပြီး မြို့နယ်သစ်တောဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် စနစ်တကျဆောင်ရွက်ရမည်၊

(ဂ) ကျေးရွာထင်းစိုက်ခင်းအတွင်း ထင်းများ ခုတ်ယူပြီးပါက (၁) နှစ်အတွင်း ပြန်လည်စိုက်ပျိုးရမည်၊

(ဃ) သစ်တောဦးစီးဌာနမှ ခွင့်ပြုထားသော သီးနှံသစ်တော ရောနှောစိုက်ပျိုးခြင်းမှအပ ထင်းစိုက်ပျိုးခြင်းမပြုဘဲ အခြားသီးနှံများနှင့် စိုက်ပျိုးပင်များကို စိုက်ပျိုးခြင်းမပြုရ။

၉။ မြို့နယ်ကော်မတီသည် ကျေးရွာထင်းစိုက်ခင်းတည်ထောင်ရန် စည်းကမ်းသတ်မှတ်ချက်များကို ညွှန်ကြားရေးမှူး၏အတည်ပြုချက်ဖြင့် ထုတ်ပြန်ထားရမည်။

၁၀။ ညွှန်ကြားရေးမှူးသည် ကျေးရွာထင်းစိုက်ခင်းမှ ထင်းထွက်ရှိမှုပမာဏကို သက်ဆိုင်ရာ မြို့နယ်သစ်တောအရာရှိ၏ စစ်ဆေးတင်ပြမှုအပေါ် အတည်ပြုသတ်မှတ်ပေးရမည်။

၁၁။ အသုံးပြုသူများအဖွဲ့သည် ကျေးရွာ၏ အိမ်ထောင်စုဦးရေအပေါ် မူတည်၍ လိုအပ်သည့်ထင်းပမာဏမှ ပိုလျှံသောပမာဏကိုသာ တိုင်းဒေသကြီးအတွင်း သစ်တောဦးစီးဌာန၏ ခွင့်ပြုချက်ဖြင့် သယ်ယူရောင်းချခွင့်ရှိသည်။

## အခန်း (၃)

## ကော်မတီဖွဲ့စည်းခြင်းနှင့် ကော်မတီ၏လုပ်ငန်းတာဝန်များ

၁၂။ မြို့နယ်ကော်မတီသည် ကျေးရွာကော်မတီ၏ လက်ဝယ်ထားခွင့်ရှိသော အများဆုံး ရန်ပုံငွေပမာဏကို ကျေးရွာထင်းစိုက်ခင်းလုပ်ငန်းနှင့် ပတ်သက်၍

ရရှိသော ရန်ပုံငွေ၏ ၂၅ ရာခိုင်နှုန်းထက်မပိုသည့် ငွေပမာဏအား သတ်မှတ်ပေးရမည်။

၁၃။ ကျေးရွာထင်းစိုက်ခင်းလုပ်ငန်း အသုံးပြုသူများအဖွဲ့တွင် ပါဝင်လိုသူများသည် အောက်ပါအချက်အလက်များနှင့် ကိုက်ညီပါက နောက်ဆက်တွဲ (ခ) ပါ ပုံစံဖြင့် လျှောက်ထားနိုင်သည်။

(က) ကျေးရွာတွင်တရားဝင် အခြေချနေထိုင်သည့် ကျေးရွာသူ/ ကျေးရွာသားများ ဖြစ်ရမည်၊

(ခ) အသက် (၁၈) နှစ် ပြည့်ပြီးသူဖြစ်ရမည်၊

(ဂ) ကျန်းမာသန်စွမ်းသူဖြစ်ရမည်၊

(ဃ) သာသနာ့ဝန်ထမ်းမဖြစ်စေရ၊

(င) စိတ်ပေါ့သွပ်သူမဖြစ်စေရ၊

(စ) အိမ်ထောင်စု (၁) စုလျှင် တစ်ဦးထက်ပို၍ ပါဝင်ဆောင်ရွက်ခွင့်ရှိသည်။

၁၄။ ကျေးရွာထင်းစိုက်ခင်း အသုံးပြုသူများအဖွဲ့ကို အနည်းဆုံး အဖွဲ့ဝင် (၉) ဦးဖြင့် ဖွဲ့စည်းရမည်။

၁၅။ ကျေးရွာကော်မတီသည် ကျေးရွာထင်းစိုက်ခင်း တည်ထောင်ခွင့်ရရှိသည့် ဧရိယာအား မြို့နယ်သစ်တောဦးစီးဌာနနှင့် မြို့နယ်မြေစာရင်းဦးစီးဌာနတို့ထံ အကူအညီတောင်းခံ၍ မြေတိုင်းတာခြင်း၊ နယ်နိမိတ်သတ်မှတ်ခြင်း ပြုလုပ်ရမည်။

၁၆။ ကျေးရွာကော်မတီသည် ကျေးရွာထင်းစိုက်ခင်း ဥပဒေပုဒ်မ ၁၆ အရ ကျေးရွာထင်းစိုက်ခင်း အုပ်ချုပ်လုပ်ကိုင်မှုစီမံချက်ကို နောက်ဆက်တွဲ (ဂ) တွင် ဖော်ပြထားသည့် အချက်အလက်များနှင့်အညီ ရေးဆွဲရမည်။

၁၇။ ကျေးရွာကော်မတီသည် ကျေးရွာထင်းစိုက်ခင်း တည်ထောင်ခွင့် လက်မှတ်ရရှိပြီး၊ (၃) လအတွင်း နယ်နိမိတ်သတ်မှတ်ခြင်းကို အပြီးအပြတ် ဆောင်ရွက်ရမည်။

၁၈။ ကျေးရွာကော်မတီသည် ကျေးရွာထင်းစိုက်ခင်းနယ်နိမိတ် သတ်မှတ်ပြီးစီးပါက မြို့နယ်ကော်မတီသို့တင်ပြ၍ အတည်ပြုချက် ရယူရမည်။ မြို့နယ်ကော်မတီသည် ကျေးရွာထင်းစိုက်ခင်းနယ်နိမိတ်အား အတည်ပြုပြီး ညွှန်ကြားရေးမှူးထံ ကျေးရွာထင်းစိုက်ခင်းနယ်နိမိတ် အတည်ပြုသတ်မှတ်ပြီးကြောင်း တင်ပြရမည်။

၁၉။ ကျေးရွာကော်မတီသည် ကျေးရွာထင်းစိုက်ခင်း တည်ထောင်ခွင့် လက်မှတ်နှင့်အတူပါရှိသည့် စည်းကမ်းချက်များကိုလိုက်နာ ဆောင်ရွက်ရမည်။

၂၀။ ကျေးရွာကော်မတီသည် ကျေးရွာထင်းစိုက်ခင်းမှထွက်ရှိသည့် ထင်းများကို မီးသွေးဖုတ်ရာတွင် မြို့နယ်သစ်တောဦးစီးဌာန၏ ခွင့်ပြုချက်လိုင်စင်ပါ စည်းမျဉ်း စည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

၂၁။ အသုံးပြုသူများသည် ကျေးရွာထင်းစိုက်ခင်းလုပ်ငန်းများကို အုပ်ချုပ် လုပ်ကိုင်မှု စီမံချက်ပါအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ရန် တာဝန် ရှိသည်။

၂၂။ အသုံးပြုသူများသည် မိမိဆောင်ရွက်ခွင့်ရှိထားသည့် ကျေးရွာထင်းစိုက်ခင်း တည်ထောင်ခြင်းလုပ်ငန်းများနှင့်ပတ်သက်၍ အမွေဆက်ခံပိုင်ခွင့်ရှိသည်။ အမွေဆက်ခံခြင်းနှင့်စပ်လျဉ်း၍ အငြင်းပွားမှုပေါ်ပေါက်ပါက တည်ဆဲဥပဒေ နှင့်အညီ သက်ဆိုင်ရာတရားရုံး၏ အဆုံးအဖြတ်ကို ခံယူရမည်။

## အခန်း (၄)
## မြို့နယ်သစ်တောအရာရှိ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၂၃။ မြို့နယ်သစ်တောအရာရှိသည် ဥပဒေ ပုဒ်မ ၂၈၊ ပုဒ်မခွဲ (က) အရ ကျေးရွာထင်းစိုက်ခင်း စတင် စိုက်ပျိုးတည်ထောင်သည့်နှစ်တွင် ပျိုးပင်များ

ပျိုးထောင်ဖြန့်ဝေရန် လိုအပ်သည့်ရန်ပုံငွေအား ညွှန်ကြားရေးမှူးထံ တင်ပြတောင်းခံရမည်။

၂၄။ မြို့နယ်သစ်တောအရာရှိသည် ကျေးရွာထင်းစိုက်ခင်းများအား အုပ်ချုပ်လုပ်ကိုင်မှုစီမံချက်နှင့်အညီ ဆောင်ရွက်ခြင်း ရှိ၊ မရှိကို လစဉ် စစ်ဆေးပြီး ညွှန်ကြားရေးမှူးထံ အစီရင်ခံ တင်ပြရမည်။

၂၅။ မြို့နယ်သစ်တောအရာရှိသည် ကျေးရွာထင်းစိုက်ခင်း တည်ထောင်ခြင်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခြင်းဆိုင်ရာ ပညာပေးဟောပြောပွဲများ ပြုလုပ်ပေးရမည်။

၂၆။ မြို့နယ်သစ်တောအရာရှိသည် မြို့နယ်ကော်မတီမှ အတည်ပြုထားသည့် ကျေးရွာထင်းစိုက်ခင်း တည်ထောင်ခြင်းနှင့်ပတ်သက်သည့် လုပ်ငန်းဆောင်ရွက်မှုနှင့် အသုံးပြုသူများအဖွဲ့အမည်စာရင်းတို့အား မြို့နယ်သစ်တောရုံးတွင် စနစ်တကျ မှတ်တမ်းတင်ထားရှိရမည်။

## အခန်း (၅)
## စစ်ဆေးခြင်းနှင့် စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

၂၇။ မြို့နယ်ကော်မတီသည် ကျေးရွာထင်းစိုက်ခင်း တည်ထောင်ခြင်းနှင့် စပ်လျဉ်း၍ ကျေးရွာကော်မတီနှင့် မြို့နယ်သစ်တောအရာရှိ၏ စစ်ဆေး တင်ပြချက်များအပေါ် ကွင်းဆင်းစစ်ဆေးပြီး၊ ညွှန်ကြားရေးမှူးထံ စိစစ်တင်ပြရမည်။

၂၈။ မြို့နယ်ကော်မတီသည် ကျေးရွာထင်းစိုက်ခင်းများ၏ နှစ်အလိုက် လုပ်ငန်းတိုးတက်မှု အစီရင်ခံစာကို နောက်ဆက်တွဲ (ဃ) ပါ အချက်အလက်များဖြင့် နှစ်စဉ် မတ်လတွင် ညွှန်ကြားရေးမှူးထံသို့ အစီရင်ခံ တင်ပြရမည်။

၂၉။ ညွှန်ကြားရေးမှူးသည် နှစ်ချုပ်အစီရင်ခံစာအပေါ် စိစစ်သုံးသပ်၍ အကြံပြုချက်၊ သဘောထားမှတ်ချက်များနှင့်အတူ ဝန်ကြီးထံသို့ ဆက်လက်တင်ပြရမည်။

၃၀။ ညွှန်ကြားရေးမှူးသည် ကျေးရွာထင်းစိုက်ခင်း တည်ထောင်ခြင်းဆိုင်ရာ စည်းကမ်းချက်များကို လိုက်နာမှုမရှိသည့် ကျေးရွာထင်းစိုက်ခင်း တည်ထောင်ခွင့် လက်မှတ်များအား ဝန်ကြီး၏သဘောတူညီချက်ဖြင့် ပြန်လည်ရုပ်သိမ်းခြင်း၊ ပယ်ဖျက်ခြင်း ပြုနိုင်သည်။

၃၁။ ကျေးရွာကော်မတီသည် အုပ်ချုပ်လုပ်ကိုင်မှုစီမံချက်နှင့်အညီ အကောင် အထည်ဖော် ဆောင်ရွက်နိုင်မှုမရှိသည့် အသုံးပြုသူများအား မြို့နယ်ကော်မတီ၏ အတည်ပြုချက်ဖြင့် အသုံးပြုသူများအဖွဲ့စာရင်းမှ ပယ်ဖျက်ခြင်း၊ ထုတ်ပယ်ခြင်း ပြုနိုင်သည်။

၃၂။ ကျေးရွာကော်မတီသည် အသုံးပြုသူများအဖွဲ့ဝင် တစ်ဦးဦးအား စီမံ ခန့်ခွဲရေးနည်းလမ်းအရ အရေးယူဆောင်ရွက်ရာတွင် အောက်ပါ စီမံခန့်ခွဲရေး ပြစ်ဒဏ်တစ်ရပ်ရပ်ကို ချမှတ်ရမည် -

(က) နည်းဥပဒေ ၈ (က) နှင့် (ခ) တို့ကို ဖောက်ဖျက်ကျူးလွန်ပါက တစ်ကေလျှင် အနည်းဆုံး တစ်သောင်းကျပ်မှ အများဆုံး သုံးသောင်းကျပ်အထိ ဒဏ်ငွေပေးဆောင်စေရမည်၊

(ခ) နည်းဥပဒေ ၈ (ဂ) နှင့် (ဃ) တို့ကို ဖောက်ဖျက်ကျူးလွန်ပါက ကျေးရွာထင်းစိုက်ခင်းတည်ထောင်ခွင့်လက်မှတ်ကို ရုတ်သိမ်းခြင်း ခံရမည်။

## အခန်း (၆)

## အထွေထွေ

၃၃။ ကျေးရွာကော်မတီသည် ဥပဒေပုဒ်မ ၅၁၊ ပုဒ်မခွဲ (ခ) အရ သက်ဆိုင်ရာတရားရုံးမှ လွှဲပြောင်းပေးအပ်သည့် ပစ္စည်းများကို အစည်းအဝေး ဆုံးဖြတ်ချက်ဖြင့် မြို့နယ်ကော်မတီသို့တင်ပြ၍ အတည်ပြုချက်ရယူပြီး စီမံ ခန့်ခွဲပိုင်ခွင့်ရှိသည်။

၃၄။ ကျေးရွာကော်မတီသည် တရားစွဲဆိုသည့် အမှုများအပေါ် တရားရုံး၏ ဆုံးဖြတ်ချက်အား မှတ်တမ်းထားရှိပြီး မြို့နယ်ကော်မတီသို့ ဆက်လက် တင်ပြရမည်။

၃၅။ မြို့နယ်ကော်မတီသည်ကျေးရွာကော်မတီမှ တင်ပြသော တရားရုံး၏ ဆုံးဖြတ်ချက်အားစိစစ်၍ ညွှန်ကြားရေးမှူးထံ ဆက်လက် တင်ပြရမည်။

ဝန်ကြီး<br>
သစ်တောနှင့်သတ္တုဝန်ကြီးဌာန<br>
ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့

နောက်ဆက်တွဲ (က)

## ကျေးရွာထင်းစိုက်ခင်းတည်ထောင်ခွင့်ပြုရန်လျှောက်လွှာ
## (နည်းဥပဒေ ၄)

သို့

ညွှန်ကြားရေးမှူး
ပဲခူးတိုင်းဒေသကြီး သစ်တောဦးစီးဌာန
ပဲခူးမြို့

ရက်စွဲ၊ ၂၀၁ ခုနှစ်၊ လ ရက်

အကြောင်းအရာ။ **ကျေးရွာထင်းစိုက်ခင်း တည်ထောင်ခွင့်ပြုရန် လျှောက်ထားခြင်း။**

၁။ ပဲခူးတိုင်းဒေသကြီး၊ ------------- မြို့နယ်၊ ------------ ကျေးရွာ/ရပ်ကွက်အုပ်စု၊ --------------- ကျေးရွာ/ရပ်ကွက်အတွက် ကျေးရွာထင်းစိုက်ခင်း တည်ထောင်လိုပါသဖြင့် အောက်ပါ အချက်အလက်များကို ဖော်ပြလျက် လျှောက်ထားပါသည် -

(က) ကျေးရွာစိုက်ခင်း၏တည်နေရာ ------------------------
------------------------------------------------

(ခ) စိုက်ခင်းနယ်နိမိတ်ရှိ သိသာထင်ရှားသော အမှတ်အသားများ၏ လတ္တီတွဒ်၊ လောင်ဂျီတွဒ် ----------------------------
--------------------------------

(ဂ) တည်နေရာ ---------------- ကွင်းအမှတ် -----------

(ဃ) ဧရိယာ --------------------------------

(င) စိုက်ခင်းအသုံးပြုမည့်သူများဦးရေ -------------------

(စ) လျှောက်ထားရခြင်းရည်ရွယ်ချက် ------------------------
အကျဉ်း ------------------------------------------------------------
------------------------------------------------------------

အုပ်ချုပ်ရေးမှူး
------------- ကျေးရွာ/ရပ်ကွက်

၂။ သက်ဆိုင်ရာ မြို့နယ်အုပ်ချုပ်ရေးမှူး၏ သုံးသပ်တင်ပြချက်
------------------------------------------------------------
------------------------------------------------------------
------------------------------------------------------------
------------------------------------------------------------
------------------------------------------------------------
------------------------------------------------------------
------------------------------

နောက်ဆက်တွဲ (ခ)

## ကျေးရွာထင်းစိုက်ခင်းအသုံးပြုသူများ အဖွဲ့ဝင်အဖြစ်လျှောက်လွှာ
## (နည်းဥပဒေ ၁၃)

သို့

ဥက္ကဋ္ဌ

ကျေးရွာထင်းစိုက်ခင်း ကြီးကြပ်ရေးကော်မတီ

-------------------- ကျေးရွာ

ရက်စွဲ၊ ၂၀၁ ခုနှစ်၊ လ ရက်

**အကြောင်းအရာ။ ကျေးရွာထင်းစိုက်ခင်း အသုံးပြုသူများ အဖွဲ့ဝင် အဖြစ် လျှောက်ထားခြင်း။**

၁။ ကျွန်တော်သည် -------------------- ကျေးရွာအုပ်စု၊ ----------------- ကျေးရွာတွင်တည်ထောင်သည့် ကျေးရွာထင်းစိုက်ခင်း အသုံးပြုသူများ၏ အဖွဲ့ဝင်အဖြစ် အသိအမှတ်ပြုပေးပါရန် အောက်ပါ အချက်အလက်များကို ဖော်ပြလျှောက်ထားပါသည် -

(က) လျှောက်ထားသူအမည် --------------------

(ခ) အဘအမည် --------------------

(ဂ) နိုင်ငံသားစိစစ်ရေးကတ်အမှတ် --------------------

(ဃ) နေထိုင်သည့်ကျေးရွာအမည် --------------------

၂။ အထက်ပါလျှောက်ထားလွှာနှင့်အတူ နိုင်ငံသားစိစစ်ရေးကတ် မိတ္တူမှန်၊ အိမ်ထောင်စုစာရင်းမိတ္တူမှန်တို့ကို ပူးတွဲတင်ပြပါသည်။

(--------------------)

-------------------- ကျေးရွာ

၃။ ကျေးရွာ ဆယ်အိမ်မှူး၏ သုံးသပ်တင်ပြချက်

--------------------------------------------------------------------------------

--------------------------------------------------------------------------------

--------------------------------------------------------------------------------

--------------------------------------------------------------------------------

--------------------------------------------------------------------------------

--------------------------------------

(-------------------)

-------------------- ကျေးရွာ

၄။ ကျေးရွာအုပ်ချုပ်ရေးမှူး၏ သုံးသပ်တင်ပြချက် ----------------

--------------------------------------------------------------------------------

--------------------------------------------------------------------------------

--------------------------------------------------------------------------------

----------------------------------------------

(-------------------)

ဥက္ကဋ္ဌ

-------------------- ကျေးရွာ

နောက်ဆက်တွဲ (ဂ)

# ကျေးရွာထင်းစိုက်ခင်းအုပ်ချုပ်လုပ်ကိုင်မှုစီမံချက်တွင် ပါဝင်ရမည့်အကြောင်းအရာများ

၁။ နိဒါန်း

၂။ ရည်ရွယ်ချက်

၃။ တည်နေရာနှင့် အကျယ်အဝန်း

၄။ ရာသီဥတု

၅။ မြေမျက်နှာအသွင်အပြင်

၆။ မြေအမျိုးအစား

၇။ သဘာဝပေါက်ပင်များ

၈။ စိုက်ခင်းတည်ထောင်ခြင်းလုပ်ငန်းများဆောင်ရွက်ခြင်း

၉။ အသုံးပြုသူများအဖွဲ့ဝင် တစ်ဦးချင်းအလိုက်ဆောင်ရွက်မည့် အခြေအနေ

၁၀။ ပြုစုထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်မည့်အစီအစဉ်

၁၁။ ထင်း၊ မျော၊ တိုင်နှင့် သစ်များထုတ်ယူသုံးစွဲမည့်အစီအစဉ်

၁၂။ ရန်ပုံငွေထားရှိ သုံးစွဲခြင်း

၁၃။ နိဂုံး

နောက်ဆက်တွဲ (ဃ)

## ကျေးရွာထင်းစိုက်ခင်းလုပ်ငန်းတိုးတက်မှုအစီရင်ခံစာတွင် ပါဝင်ရမည့် အကြောင်းအရာများ

၁။ နိဒါန်း

၂။ ရည်ရွယ်ချက်

၃။ တည်နေရာနှင့်အကျယ်အဝန်း

၄။ ရာသီဥတု

၅။ မြေမျက်နှာအသွင်အပြင်

၆။ မြေအမျိုးအစား

၇။ သဘာဝပေါက်ပင်များ

၈။ သဘာဝပေါက်ပင်များကို ထိန်းသိမ်းထားရှိမှု

၉။ စိုက်ခင်းတည်ထောင်ခြင်း

(က) စိုက်ခင်းဟောင်းပြုစုထိန်းသိမ်းခြင်း

(ခ) စိုက်ခင်းအသစ်တည်ထောင်ခြင်း

၁၀။ ထုတ်ယူသည့် သစ်တောထွက်ပစ္စည်း

၁၁။ ဖြန့်ဖြူးရောင်းချနိုင်သည့်အခြေအနေ

၁၂။ ရန်ပုံငွေအခြေအနေ

၁၃။ အသုံးပြုသူများစာရင်း

၁၄။ အရေးယူဆောင်ရွက်မှုမှတ်တမ်း

၁၅။ အထွေထွေ

၁၆။ နိဂုံး